ကုမ္ပဏီအမည်	-	GEP (Myanmar) Co., Ltd.

လုပ်ငန်း	-	ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထိုင်းနိုင်ငံမှ Green Earth Power (Thailand) Co., Ltd. မှ မြန်မာနိုင်ငံတွင် GEP (Myanmar) Co., Ltd. တည်ထောင်ပြီး မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)ဒေသတွင် ၂၂၀ $MW_{DC}$ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ ၁၇၀ $MW_{AC}$ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်သည့်နေ့စွဲ | ပြန်ကြားချက်ရရှိသည့်နေ့စွဲ | ကြာချိန် |
|---|---|---|---|---|
| ၁ | အဆိုပြုလွှာ လက်ခံရရှိခြင်း | ၁၈-၁၀-၂၀၁၆ | | |
| ၂ | သဘောထားမှတ်ချက်တောင်းခံခြင်း | | | |
| | (က) မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ | ၂၆-၁၀-၂၀၁၆ | ၂၇-၁၂-၂၀၁၆ | ၆၂ ရက် |
| | (ခ) သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်နေ့ ရက်စွဲဖြင့်ပြုစုပေးသည့် Environmental and Socio-economic Impact Assessment (ESIA) (Revised Edition) အား တင်ပြထားပါသည်။ | | |
| | (ဂ) မြန်မာနိုင်ငံတော် ဗဟိုဘဏ် | ၁၆-၁၂-၂၀၁၆ | ၂၀-၁-၂၀၁၆ | ၃၅ ရက် |
| ၃ | PAT (၃၉/၂၀၁၆) သို့ တင်ပြခြင်း | ၂၄-၁၀-၂၀၁၆ | | |
| ၄ | PAT အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ပြင်ဆင်တင် ပြရန် အကြောင်းကြားခြင်းပြန်ကြားခြင်း | ၁-၁၁-၂၀၁၆ | | |
| ၅ | ကုမ္ပဏီမှ PATအစည်းအဝေးဆုံးဖြတ်ချက်နှင့်အညီ အဆိုပြုချက်အား ပြန်လည်တင်ပြလာခြင်း | ၁၃-၁၂-၂၀၁၆ | | |
| ၆ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ PAT အစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ အဆိုပြုချက်အား ပြန်လည်တင်ပြ လာခြင်း | ၁၅-၁၂-၂၀၁၆ | | |
| ၇ | ကုမ္ပဏီမှ အဆိုပြုလွှာ ပေးပို့ခြင်း | ၁၇-၂-၂၀၁၆ | | |
| ၈ | **စုစုပေါင်း ကြာမြင့်ရက်** | ၆၆ ရက် | | |

ရင်းနှီးမြှုပ်နှံမှုဌာနခွဲ-၄
PAT ၏ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်မှု

| စဉ် | လုပ်ငန်းအမည် | အမျိုးအစား | PAT အကြိမ် နေ့စွဲ | ဆွေးနွေးချက်မှ ပြင်ဆင်ရန် လိုအပ်ချက် | ဆောင်ရွက် ပြီးစီးမှု | အလံ အမှတ် |
|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁။ | GEP (Myanmar) Co., Ltd. | ၂၂၀ $MW_{DC}$ နေစွမ်းအင်သုံး ဓာတ်အားပေး စက်ရုံ တည်ဆောက်၍ ၁၇၀ $MW_{AC}$ လျှပ်စစ် ဓာတ်အား ထုတ်လုပ် ရောင်းချခြင်း လုပ်ငန်း | (၃၉/၂၀၁၆) (၂၄-၁၀-၂၀၁၆) | - လုပ်ငန်းဆောင်ရွက်မည့် မြေနှင့် စပ်လျဉ်း၍ ကုမ္ပဏီအမည်ပေါက် ရရှိရန်နှင့် အခြားနည်းဖြင့် မြေ အသုံးပြုခွင့်ရရှိရေး ဆက်လက် ဆောင်ရွက်ရန်။ | ဆောင်ရွက် ပြီး | အလံ(က) |
| | | | | - ဈေးငွေသဘောတူစာချုပ် တင်ပြရန်နှင့် မြေငှားရမ်းခြင်း စာချုပ် (မူကြမ်း) အား ပြန်လည်စိစစ်၍ ပြည့်စုံစွာ ပြင်ဆင် တင်ပြရန်။ | ဆောင်ရွက် ပြီး | အလံ(ခ) |
| | | | | - ပြည်တွင်း၊ ပြည်ပမှ တင်သွင်းမည့် စက်ပစ္စည်းစာရင်း ခွဲခြားတင်ပြ ရန်။ | ဆောင်ရွက် ပြီး | အလံ(ဂ) |
| | | | | - Recycle Plant လုပ်မည့် အစီ အစဉ်တင်ပြရန်။ | ဆောင်ရွက် ပြီး | အလံ (ဃ) |

ကုမ္ပဏီ အမည် - GEP (Myanmar) Co., Ltd.
အဖွဲ့အစည်းပုံသဏ္ဌာန် - ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား - ၂၂၀ $MW_{DC}$ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ ၁၇၀ $MW_{AC}$ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း
တည်နေရာ - မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မင်းလှကျင်း ကျေးရွာအုပ်စု၊ ခုတ်ကြီးကွင်း၊ ကွင်းအမှတ်(၁၂၇၃)ရှိမြေ ၇၀၀ ဧက
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု - US$ ၂၉၇ သန်း
ဝန်ဆောင်မှုပေးမည့်စနစ် - ပြည်တွင်း ၁၀၀%
လုပ်ငန်းသက်တမ်း - ၃၀ နှစ်
အရင်းကြေ ကာလ - ၁၆ နှစ် ၅ လ
IRR - ၅.၄၈ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစုတင်ပြအပ်ပါသည်-

| စဉ် | အကြောင်းအရာ | Cost | Benefit |
|---|---|---|---|
| ၁ | နိုင်ငံ့ဝန်ထမ်း၏လစာ | ကျပ် ၃.၀၀ သန်း (တစ်နှစ်) | |
| ၂ | ကုမ္ပဏီမှတ်ပုံတင်ကြေး | - | ကျပ် ၀.၆၇ သန်း |
| ၃ | သွင်းကုန်ခွန် ကင်းလွတ်ခွင့် | ကျပ် ၂,၈၂၁.၅၂ သန်း | |
| ၄ | ဝင်ငွေခွန် | ကျပ် ၁၄,၃၀၈.၁၃ သန်း | ကျပ် ၄၈,၄၆၇.၉၀ သန်း |
| ၅ | ကုန်သွယ်လုပ်ငန်းခွန် | ကျပ် ၁၁,၉၆၀.၀၀ သန်း | ကျပ် ၂၁,၄၀၅.၈၀ သန်း |
| ၆ | မြေငှားရမ်းခ | | ကျပ် ၁,၂၉၉.၈၉ သန်း |
| ၇ | လုပ်ခလစာအပေါ် ဝင်ငွေခွန် | | ကျပ် ၁,၇၆၉.၀၄ သန်း<br>တစ်နှစ် ဝင်ငွေ ကျပ် ၄.၈ သန်း (ကျပ် လေးဆယ့် ရှစ်သိန်း) ကျော်ပါက အခွန်ပေးရမည့် ပြည်ပဝန်ထမ်း ၄၄ ဦး<br>ကျပ် ၂,၀၃၁.၁၂ သန်း<br>တစ်နှစ် ဝင်ငွေ ကျပ် ၄.၈ သန်း (ကျပ် လေးဆယ့် ရှစ်သိန်း) ကျော်ပါက အခွန်ပေးရမည့် ပြည်ပဝန်ထမ်း ၁၁၇ ဦး |
| ၈ | CSR (၂%) | | ကျပ် ၄,၀၅၁.၈ သန်း |
| ၉ | အလုပ်အကိုင် အခွင့်အလမ်း | | အမြဲတမ်း ပြည်တွင်း ၁၁၇ ဦး<br>ပြည်တွင်းလုပ်သား၁၁၇ဦးအလုပ်အကိုင်ရရှိမည်ဖြစ်၍ ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။<br>အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲနွမ်းပါးမှု လျော့ချရေးကို အထောက်အကူပြုစေနိုင်ပါသည်။ |
| | | **ကျပ် ၂၉,၀၉၂.၆၅ သန်း** | **ကျပ် ၇၉,၀၂၅.၂၂ သန်း** |
| | | **၁ း ၃** | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက- ၅(လ)/န-၀၀၃/၂၀၁၇( ၀၈၅ )
ရက်စွဲ၊ ၂၀၁၇ ခုနှစ် မတ်လ ၃ ရက်

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့**
**တင်ပြသည့် အမှာစာ**

အကြောင်းအရာ။ **ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထိုင်းနိုင်ငံ Green Earth Power (Thailand) Co., Ltd. မှ မြန်မာနိုင်ငံတွင် GEP (Myanmar) Co., Ltd. တည်ထောင်ပြီး မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)ဒေသတွင် ၂၂၀ $MW_{DC}$ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ ၁၇၀ $MW_{AC}$ လျှပ်စစ်ဓာတ်အား ထုတ်လုပ် ရောင်းချခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်းကိစ္စ**

၁။ ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထိုင်းနိုင်ငံ Green Earth Power (Thailand) Co., Ltd. မှ မြန်မာနိုင်ငံတွင် GEP (Myanmar) Co., Ltd. တည်ထောင်ပြီး မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မင်းလှကျင်း ကျေးရွာအုပ်စု၊ ခုတ်ကြီးကွင်း၊ ကွင်းအမှတ် (၁၂၇၃) ရှိ မြေ ၇၀၀ ဧကတွင် ၂၂၀ $MW_{DC}$ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ ၁၇၀ $MW_{AC}$ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခွင့်ပြုပါရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းအား ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကျင်းပခဲ့သည့် အဆိုပြုချက် စိစစ်ရေးအဖွဲ့၏ ၃၉/၂၀၁၆ ကြိမ်မြောက်အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

၂။ အဆိုပြုလုပ်ငန်းနှင့် စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ ၂၀၁၆ခုနှစ် ဩဂုတ်လ ၈ ရက်နေ့ ရက်စွဲပါစာဖြင့် တင်ပြရာတွင် လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် Green Earth Power (Thailand) Co., Ltd. တို့အကြား ၂၀၁၃ ခုနှစ် မေလ ၂ ရက်နေ့တွင် နားလည်မှု စာချွန်လွှာ (MOU) လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက် နေ့တွင် ကျင်းပသော အစည်းအဝေး အမှတ်စဉ် (၂၀/၂၀၁၄) ၏ သဘောတူခွင့်ပြုချက်ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့တွင် သဘောတူညီမှုစာချွန်လွှာ (MOA) ကို လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပြုချက်နှင့်အတူ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၆)၏ သဘောတူခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ သဘောထားမှတ်ချက်နှင့်အညီ မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်းနှင့် GEP (Myanmar) Co., Ltd. တို့အကြား ၂၀၁၆ ခုနှစ် မတ်လ ၂၀ ရက်နေ့တွင် ချုပ်ဆိုသည့် လျှပ်စစ်ဓာတ်အား ဝယ်ယူရေးစာချုပ် (Power Purchase Agreement-PPA) အားတင်ပြထားပါသည်။

၄။ လုပ်ငန်းစီမံကိန်း သက်တမ်းကာလမှာ ၃၀ နှစ်ဖြစ်ပြီး တည်ဆောက်မှုကာလမှာ ၄၈ လ ဖြစ်ပါသည်။

၅။ မြေပိုင်ရှင် AVA Capital Trading Limited နှင့် GEP (Myanmar) Co., Ltd. တို့ ချုပ်ဆိုထားသည့် မြေငှားစာချုပ် (မူကြမ်း) အား တင်ပြထားပါသည်။ မြေငှားရမ်းသက်တမ်းမှာ နှစ် ၃၀ ဖြစ်ပြီး နှစ်စဉ်မြေငှားရမ်းခမှာ အမေရိကန်ဒေါ်လာ ၆၆,၆၆၀(တစ်နှစ်တစ်ဧကလျှင် အမေရိကန်ဒေါ်လာ ၉၅.၂၃ နှုန်း) ဖြစ်ပါသည်။

၆။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် GEP (Myanmar) Co., Ltd. တို့ချုပ်ဆိုသည့် လျှပ်စစ်ဓာတ်အား ဝယ်ယူရေး သဘောတူစာချုပ်(မူကြမ်း) (PPA) ပါ အဓိက အချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) စာချုပ်သက်တမ်းကာလအတွင်း လျှပ်စစ်ဓာတ်အားခအနေဖြင့် တစ်ကီလိုဝပ်နာရီလျှင် အမေရိကန်ဒေါ်လာ ၁၂.၇၅ ဆင့် နှုန်းဖြင့် ချုပ်ဆိုသွားမည်ဖြစ်သည်။ **(အပိုဒ်-၅-၁)**

(ခ) စာချုပ်သက်တမ်း ကာလသည် အဆိုပြုလုပ်ငန်း ပထမအဆင့်၏ ထုတ်လုပ်မှု စတင်သောနေ့ရက်မှ ၃၀ နှစ် အထိဖြစ်ပါသည်။ **(အပိုဒ်-၆-၁)**

(ဂ) စာချုပ်သက်တမ်း တိုးမြှင့်ခြင်းအတွက် နှစ်ဦးနှစ်ဘက် သဘောတူညီချက်အရ တိုးမြှင့်နိုင်ပါသည်။ စာချုပ်သက်တမ်းတိုးမြှင့်လိုပါက ကုမ္ပဏီနှင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းအနေဖြင့် ၂၄လ ကြိုတင်ညှိနှိုင်းရမည်။ **(အပိုဒ်-၆-၃)**

၇။ လုပ်ငန်း၏ စုစုပေါင်း မ,တည်ငွေရင်း ပမာဏမှာ ချေးငွေ US$ ၂၀၉.၀၅ သန်း အပါအဝင် US$ ၂၉၇ သန်း ဖြစ်ပြီး ငွေသား US$ ၇၄.၂၅ သန်းနှင့် စက်နှင့်စက်ပစ္စည်းတန်ဖိုး US$ ၂၂၂.၇၅ သန်းတို့ဖြစ်ပါသည်။ တစ်နှစ်လျှင် အတိုးနှုန်း ၆% ဖြင့် ၁၂ နှစ်အတွင်း ပေးဆပ်မည်ဖြစ်ကြောင်း ချေးငွေပြန်လည်ပေးဆပ်မည့် အစီအစဉ်နှင့်အတူ တင်ပြထားပါသည်။

၈။ လုပ်ငန်းဆောင်ရွက်ရန်အတွက် တည်ဆောက်ရေးကာလတွင် ပြည်ပဝန်ထမ်း ၄၄ ဦးနှင့် ပြည်တွင်းဝန်ထမ်း ၆၀၀ ဦးခန့်ထားမည်ဖြစ်ပါသည်။ ပြည်ပဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ US$ ၁,၀၀၀ နှင့် အမြင့်ဆုံး လစာမှာ US$ ၅,၀၀၀ ဖြစ်ပြီး ပြည်တွင်းဝန်ထမ်းများ၏ လစာနှုန်းထားအား Sub-Contractor နှင့် သဘောတူညီချက်အတိုင်း သတ်မှတ်ပေးမည် ဖြစ်ပါသည်။ လုပ်ငန်းလည်ပတ်မှုကာလအတွင်း ပြည်တွင်းဝန်ထမ်း ၁၁၇ ဦး ခန့်ထားမည်ဖြစ်ပါသည်။ ပြည်တွင်းဝန်ထမ်းတစ်ဦး၏အနိမ့်ဆုံးလစာမှာ US$ ၁၈၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ US$ ၂,၀၀၀ ဖြစ်ပါသည်။

၉။ အဆိုပြုလုပ်ငန်းမှ ထုတ်လုပ်သော လျှပ်စစ်ဓါတ်အားကို ဌာနသို့ ၁၀၀% ရောင်းချမည်ဖြစ်ပြီး ထုတ်လုပ်မှုမှာ ပုံမှန်နှစ် (၆) နှစ်မြောက်တွင် ကီလိုဝပ်နာရီသန်းပေါင်း ၃၂၅.၅၅၄ ဖြစ်ပြီး ရောင်းချမည့်ဈေးနှုန်းမှာ တစ်ကီလိုဝပ်နာရီလျှင် US$ ၀.၁၂၇၅ ဖြစ်ပါသည်။

၁၀။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ၆ နှစ်မြောက်တွင် ရရှိမည့် ကုမ္ပဏီ၏ ဝင်ငွေနှင့် အသုံးစရိတ်ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | | US$ (သန်း) |
|---|---|---|---|
| (က) | ဝင်ငွေ | - | ၄၁.၅၀၈ |
| (ခ) | အသုံးစရိတ် | - | ၃၂.၈၀၆ |
| (ဂ) | အသားတင်အမြတ် | - | ၈.၇၀၂ |

၁၁။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ၆ နှစ်မြောက်တွင် ရရှိမည့်အကျိုးအမြတ်ခန့်မှန်းခြေမှာ ဝင်ငွေခွန် US$ ၂.၉၀၁ သန်း နှင့် ကုန်သွယ်လုပ်ငန်းခွန် US$ ၁.၇၉၀ သန်း ရရှိမည်ဖြစ်ပါသည်။ လုပ်ငန်း၏အရင်းကြေကာလမှာ ၁၆ နှစ် ၅ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း IRR မှာ ၅.၄၈% ဖြစ်ပါသည်။

၁၂။ ယင်းအဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သဘောထားများတောင်းခံခဲ့ရာ အောက်ပါအတိုင်း ပြန်ကြားလာပါသည်-

(က) **မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့** **(နောက်ဆက်တွဲ-က)**

(၁) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် နောင်ပြုလုပ်မည့်(သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်နိုင်ခြင်းမရှိပါကြောင်း။

(၂) မြို့နယ်/ဒေသ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးမှုအတွက် အထောက်အကူဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ပါကြောင်း။

(၃) လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း။

(၄) လုပ်ငန်းဆောင်ရွက်မည့် မြေနေရာသည် မင်းဘူးခရိုင်၊ စကုမြို့နယ်၊ ဇီးအိုင် ကျေးရွာအတွင်း မင်းဘူးမြို့နယ်မှ အနောက်ဘက် (၁.၄) မိုင်အကွာ မင်းဘူး-အမ်းကားလမ်း၏ မြောက်ဘက် (၁)မိုင်နှင့် (၃)ဖာလုံအကွာတွင်ရှိသည့် ဧရိယာ (၈၀၀) ဧကကျယ်ဝန်းသော မြေနေရာဖြစ်ပါကြောင်း သဘောထားပြန်ကြားထားပါသည်။

(ခ) **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန**

အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ MSR-Myanmar Survey Research မှ ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်နေ့ ရက်စွဲဖြင့်ပြုစုပေးသည့် Environmental and Socio-

economic Impact Assessment (ESIA) (Revised Edition) အား တင်ပြထားပါသည်။

(ဂ) **မြန်မာနိုင်ငံတော် ဗဟိုဘဏ်** **(နောက်ဆက်တွဲ-ခ)**

အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ Green Earth Power (Myanmar) Co., Ltd. အနေဖြင့် Equity အဖြစ် ယူဆောင်လာမည့် အမေရိကန်ဒေါ်လာ (၈၇.၉၅) သန်းအနက် Equity Brought-in မှာ အမေရိကန် ဒေါ်လာ (၃.၃၆၅) သန်းသာ ရှိသဖြင့် Equity တိုးမြှင့်ပြီးမှသာ ချေးငွေအား ပြန်လည်လျှောက်ထားရန် ဖြစ်ပါကြောင်း သဘောထား ပြန်ကြားထားပါသည်။

၁၃။ ငွေကြေးအထောက်အထားအဖြစ် Green Earth Power (Thailand) Co., Ltd. မှ ထိုင်းနိုင်ငံရှိ Kasikorn Bank ၌ ၂၀၁၅ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ရက်စွဲဖြင့် US$ ၁၀,၇၄၅,၆၇၀.၇၅ ရှိကြောင်းနှင့် GEP(Myanmar)Co., Ltd. မှ ကမ္ဘောဇဘဏ်(ကျောက်တံတား ဘဏ်ခွဲ)၌ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့ ရက်စွဲဖြင့် US$ ၁၄၈,၇၁၆.၂၄၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့ ရက်စွဲဖြင့် US$ ၁၇၅,၇၅၂.၂၄ ရှိကြောင်းနှင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့ ရက်စွဲဖြင့် US$ ၁၇၀,၇၅၀.၂၄ ရှိကြောင်း တင်ပြထားပါသည်။ GEP (Myanmar) Co., Ltd. အမည်ဖြင့် ၂၀၁၆ ခုနှစ် မတ်လ ၉ ရက်နေ့ရက်စွဲဖြင့် ကမ္ဘောဇဘဏ် (နိုင်ငံတကာဘဏ်ဌာနခွဲ)(Foreign Remittance Department) ၌ နိုင်ငံခြား မ,တည်ငွေရင်းအဖြစ် US$ ၇၅,၀၀၀၊ ၂၀၁၆ ခုနှစ် ဧပြီလ ၇ ရက်နေ့ ရက်စွဲဖြင့် US$ ၇၅,၀၀၀၊ ၂၀၁၆ ခုနှစ် ဧပြီလ ၂၂ ရက်နေ့ ရက်စွဲဖြင့် US$ ၂၀၀,၀၀၀၊ ၂၀၁၆ ခုနှစ် မေလ ၂၇ ရက်နေ့ ရက်စွဲဖြင့် US$ ၆၃၀,၀၀၀၊ ၂၀၁၆ ခုနှစ် ဇွန်လ ၂၇ ရက်နေ့ ရက်စွဲဖြင့် US$ ၉၀၀,၀၀၀၊ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့ ရက်စွဲဖြင့် US$ ၅၀၀,၀၀၀၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၂၀ ရက်နေ့ရက်စွဲဖြင့် US$ ၆၈၅,၀၀၀နှင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၂၀ ရက်နေ့ရက်စွဲဖြင့် US$ ၃၀၀,၀၀၀ အား ထည့်ဝင်ထားသည့် အထောက်အထားများ တင်ပြထားပါသည်။

၁၄။ GEP (Myanmar) Co., Ltd. မှ ဝန်ထမ်းများအတွက် သက်သာ ချောင်ချိရေး အစီအစဉ်၊ ပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်မှု အစီအစဉ်နှင့် လူမှုရပ်ရွာအကျိုးပြုမှု အစီအစဉ်အဖြစ် Corporate Social Responsibility အဖြစ် လုပ်ငန်း၏ နှစ်စဉ်အသားတင်အမြတ်ငွေ၏ ၂ % ကို သုံးစွဲမည်ဖြစ်ပြီး Corporate Social Responsibility-CSR Plan အသေးစိတ်အား တင်ပြထားပါသည်။

၁၅။ မီးဘေးလုံခြုံရေးအစီအမံအနေဖြင့် စက်ပစ္စည်းများ၊ လျှပ်စစ်ဝါယာကြိုးထားရှိမှု အစီအမံများကို စနစ်တကျ ထားရှိမည်ဖြစ်ပြီး ကျွမ်းကျင်ဝန်ထမ်းများဖြင့် ခြောက်လတစ်ကြိမ် စစ်ဆေးမည်ဖြစ်ပြီး လောင်စာများကိုလည်း စနစ်တကျထားရှိမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၁၆။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုပါရန် တင်ပြထားပါသည်။

၁၇။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ပုဂ္ဂလိကမြေ အသုံးချခွင့်နှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ကျင်းပသော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၃/၂၀၁၆) ကြိမ် မြောက်အစည်းအဝေး၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ကျင်းပသော စီးပွားရေးရာ ကော်မတီ၏ (၁၆/၂၀၁၆) ကြိမ်မြောက် အစည်းအဝေးနှင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့၏ (၃/၂၀၁၇) ကြိမ်မြောက် အစည်းအဝေးတို့မှ ခွင့်ပြုပြီးဖြစ်ပါသည်။

၁၈။ အဆိုပြုလုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) ရခိုင်ပြည်နယ်ပြည်သူ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် Convalt Energy Myanmar Co., Ltd. တည်ထောင်ပြီး (၁၅၀) မဂ္ဂါဝပ်စီရှိသော နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ တည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်းအား ခွင့်ပြုမိန့် အမှတ်- ၁၁၉၃/၂၀၁၆ (၁၁-၁၁-၂၀၁၆) ဖြင့် ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

(ခ) အဆိုပြုလုပ်ငန်း ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး (စကု) မြို့နယ်၊ မင်းလှကျင်း ကျေးရွာအုပ်စု၊ ခုတ်ကြီးကွင်း၊ ကွင်းအမှတ် (၁၂၇၃) ရှိ မြေ ၇၀၀ ဧကအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် ကျင်းပသော ၄/၂၀၁၇ ကြိမ်မြောက် အစည်းအဝေးအရ အစိုးရက ခွင့်ပြုသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသော ခွင့်ပြုမိန့် ပုံစံ-၁၅ အား ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ရက်စွဲပါစာဖြင့် ထုတ်ပေးထားသည့် အထောက်အထား တင်ပြထား ကြောင်း စိစစ်တင်ပြအပ်ပါသည်။

(ဂ) GEP (Myanmar) Co., Ltd. ၏ လျှပ်စစ်ဓါတ်အား ထုတ်လုပ်ရောင်းချခြင်း လုပ်ငန်း ပထမအဆင့် စီမံကိန်းကာလအတွက် Krung Thai Bank Public Company Limited နှင့် Export-Import Bank of Thailand (EXIM Thailand) တို့ထံမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၈ သန်း ချေးငွေရယူမည်ဖြစ်ကြောင်း တင်ပြထားပါသည်။ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ "Equity အဖြစ် ယူဆောင်လာမည့် အမေရိကန်ဒေါ်လာ (၈၇.၉၅) သန်း အနက် Equity Brought-in မှာ အမေရိကန်ဒေါ်လာ (၃.၃၆၅) သန်းသာ ရှိသဖြင့် Equity တိုးမြှင့်ပြီးမှသာ ချေးငွေအား ပြန်လည် လျှော့ထားရန် ဖြစ်ပါကြောင်း" သဘောထားပြန်ကြားထားပါသည်။ အဆိုပြုလုပ်ငန်း စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၂၉၇ သန်းတွင် ကိုယ်ပိုင်ငွေ အမေရိကန်

ဒေါ်လာ ၈၇.၉၅ သန်း (၃၀%) နှင့် ချေးငွေပမာဏ အမေရိကန်ဒေါ်လာ ၂၀၉.၀၅ သန်း (၇၀%) ပါဝင်ကြောင်း ဖော်ပြထားရာ ဆက်လက် ချေးယူမည့်ငွေပမာဏနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော် ဗဟိုဘဏ်သို့ ဆက်လက်တင်ပြသဘောထား တောင်းခံရန် လိုအပ်မည်ဖြစ်ကြောင်း စိစစ်တင်ပြအပ်ပါသည်။

(ဃ) အဆိုပြုလုပ်ငန်း၏ စီမံကိန်းကာလသည် စုစုပေါင်း ၄ နှစ် ကြာမြင့်မည်ဖြစ်ပြီး အဆင့် ၄ ဆင့်ဖြင့် အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| ပထမအဆင့် | (၄၀)မဂ္ဂါဝပ် | (၁၂)လ |
| ဒုတိယအဆင့် | (၄၀)မဂ္ဂါဝပ် | (၁၂)လ |
| တတိယအဆင့် | (၄၀)မဂ္ဂါဝပ် | (၁၂)လ |
| စတုတ္ထအဆင့် | (၅၀)မဂ္ဂါဝပ် | (၁၂)လ |
| စုစုပေါင်းတပ်ဆင်အင်အား | ၁၇၀ မဂ္ဂါဝပ် (အေစီ) | |

(င) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့် ဥပဒေရေးရာ ဌာနခွဲမှ ကော်မရှင် ခွင့်ပြုမိန့်နှင့် ဆုံးဖြတ်ချက်(မူကြမ်း)အား ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း စိစစ်ပြီးဖြစ်ပါသည်။

**ဆုံးဖြတ်ရန်အချက်**

၁၉။ သို့ဖြစ်ပါ၍ ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထိုင်းနိုင်ငံ Green Earth Power (Thailand) Co., Ltd. မှ မြန်မာနိုင်ငံတွင် GEP (Myanmar) Co., Ltd. တည်ထောင်ကာ မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)ဒေသတွင် ၂၂၀ $MW_{DC}$ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ ၁၇၀ $MW_{AC}$ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခွင့်ပြုပါရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှတစ်ဆင့် အဆိုပြုချက် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ ခွင့်ပြုမိန့် ထုတ်ပေးရန် သဘောတူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ

အကြောင်းအရာ။ ရခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် ထိုင်းနိုင်ငံ Green Earth Power (Thailand) Co., Ltd. မှ မြန်မာနိုင်ငံတွင် GEP (Myanmar) Co., Ltd. တည်ထောင်ကာ မကွေးတိုင်း ဒေသကြီး၊ မင်းဘူး(စကု)ဒေသတွင် ၂၂၀ $MW_{DC}$ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ တည် ဆောက်၍ ၁၇၀ $MW_{AC}$ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခွင့်ပြုပါရန် အဆိုပြုတင်ပြ လာခြင်းကိစ္စ

| | | |
|---|---|---|
| ၁။ | ကုမ္ပဏီအမည်/ ကမကထပြုသူ | - GEP (Myanmar) Co., Ltd.<br>Mr. Supasit Pokinjaruras |
| ၂။ | အဖွဲ့အစည်းပုံသဏ္ဍာန် | - ရခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု<br>GEP (Myanmar) Co., Ltd.<br>(ထိုင်းနိုင်ငံ) ၁၀၀% |
| ၃။ | လုပ်ငန်းအမျိုးအစား | - မကွေးတိုင်းဒေသကြီး၊ မင်းဘူးဒေသတွင် ၂၂၀ $MW_{DC}$ နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ ၁၇၀ $MW_{AC}$ လျှပ်စစ်ဓာတ်အား ထုတ်လုပ် ရောင်းချခြင်းလုပ်ငန်း |
| ၄။ | တည်နေရာနှင့်<br>မြေအကျယ်အဝန်း | - မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၊ မင်းလှကျင်း ကျေးရွာအုပ်စု၊ ခုတ်ကြီးကွင်း၊ ကွင်းအမှတ်(၁၂၇၃)ရှိမြေ ၇၀၀ ဧက |
| | မြေပိုင်ရှင် | - AVA Capital Trading Co., Ltd. |
| | မြေငှားရမ်းခ | - အမေရိကန် ဒေါ်လာ ၆၆,၆၆၀<br>(တစ်နှစ်တစ်ဧကလျှင် အမေရိကန် ဒေါ်လာ ၉၅.၂၃ နှုန်း) |
| ၅။ | စုစုပေါင်း မ,တည်ငွေရင်း | **စုစုပေါင်း**<br>**US$(million)** |
| | ငွေသား | ၇၄.၂၅ |
| | စက်ပစ္စည်းကိရိယာ(ပြည်ပဝယ်) | ၂၂၂.၇၅ |
| | **စုစုပေါင်း** | **၂၉၇.၀၀** |
| | | (ချေးငွေ US$ ၂၀၉.၀၅ သန်း ပါဝင်ပါသည်။) |
| ၆။ | ဝင်ငွေရရှိမှုအခြေအနေ(ပုံမှန်နှစ်) | **ထုတ်လုပ်မည့်လျှပ်စစ်ဓာတ်အား (kWh/year)**: ၃၂၅,၅၅၃,၇၁၁ / **ဈေးနှုန်း (US$/kWh)**: ၀.၁၂၇၅ / **ရရှိမည့်ဝင်ငွေ US$(million)**: ၄၁.၅၀၈ |
| ၇။ | ရောင်းချမည့်နည်းစနစ် | - ပြည်တွင်း ၁၀၀% |
| ၈။ | လုပ်ငန်း သက်တမ်း | - ၃၀ နှစ် |
| ၉။ | တည်ဆောက်ရေးကာလ | - ၄ နှစ် |

| | | |
|---|---|---|
| ၁၀။ | ဝန်ထမ်းအင်အား | **Construction Period** - ၄၄ ဦး (ပြည်ပ) အမြင့်ဆုံးလစာ-US$ ၅,၀၀၀ အနိမ့်ဆုံးလစာ -US$ ၁,၀၀၀ - ၆၀၀ ဦး (ပြည်တွင်း) Sub-Contractor နှင့် သဘောတူညီချက်အတိုင်း လစာများ သတ်မှတ်ပေးမည် ဖြစ်ပါသည်။ **Operation Period** - - ၁၁၇ ဦး (ပြည်တွင်း) အမြင့်ဆုံးလစာ-US$ ၂,၀၀၀ အနိမ့်ဆုံးလစာ- US$ ၁၈၀ |
| ၁၁။ | ပုံမှန်နှစ်တွင် | |
| | ကုမ္ပဏီ၏ဝင်ငွေ | - US$ ၄၁.၅၀၈ သန်း |
| | အသုံးစရိတ် | - US$ ၃၂.၈၀၆ သန်း |
| | အသားတင်အမြတ် | - US$ ၈.၇၀၂ သန်း |
| ၁၂။ | နိုင်ငံတော်မှရရှိမည့် အကျိုးအမြတ် (ပုံမှန်နှစ်) | |
| | ဝင်ငွေခွန် | - US$ ၂.၉၀၁ သန်း |
| | ကုန်သွယ်လုပ်ငန်းခွန် | - US$ ၂.၀၇၅ သန်း |
| ၁၃။ | အရင်းကြေကာလ | - ၁၆ နှစ် ၅ လ |
| | အရင်းအနှီးအပေါ်အကျိုးအမြတ် ပြန်ပေါ်နှုန်း (IRR) | - ၅.၄၈ % |
| ၁၄။ | လျှပ်စစ်ဓာတ်အား (နှစ်စဉ်) | - ၇၃၀,၀၀၀ kWh/ year |
| ၁၅။ | CSR | - Corporate Social Responsibility (CSR) အား အသားတင်အမြတ်၏ ၂% ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။ |

နောက်ဆက်တွဲ(က)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့**
**မကွေးမြို့**

စာအမှတ်၊ ၅ / ၄၃ - ၃၂၀ (၄) / ဦး ၆
ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်

M4-1497
2/1/17

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
ရန်ကုန်မြို့

D.1686
30.12.16

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ ယင်း၏၂၆.၁၀.၂၀၁၆ ရက်စွဲပါစာအမှတ် မရက-၅(လ)/န-၀၀၃/၂၀၁၆(၄၈၂)

၁။ ထိုင်းနိုင်ငံ Green Earth Power (Thailand) Co;Ltdမှ မြန်မာနိုင်ငံတွင် GEP (Myanmar) Co., Ltd. တည်ဆောက်ကာ ရာနှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအဖြစ် မင်းဘူးခရိုင်၊ မင်းဘူး (စကု) ဒေသတွင် ၂၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချခွင့်ပြုရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ တစ်ဆင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုတင်ပြလာပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့်လည်း လုပ်ငန်းသစ်များဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရ အဖွဲ့၏ ထောက်ခံချက်ကို အထူးအလေးထားစဉ်းစားပါကြောင်း၊ ထို့အတွက်ကြောင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် (သို့မဟုတ်) ဝန်ကြီးချုပ်မှ တာဝန်ပေးအပ်ခြင်းခံရသူ တစ်ဦးဦးက အောက်ပါအချက်အလက်များအပေါ်စိစစ်၍ ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းလာပါသဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး ခေါင်းဆောင်သည့် သက်ဆိုင်ရာဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခဲ့ရာ အောက်ပါအတိုင်းစစ်ဆေးတွေ့ရှိခဲ့ပါသည်-

(က) **ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည်နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက်မှုရှိ/မရှိ၊**

ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည်နောင်ပြုလုပ်မည့်(သို့မဟုတ်)လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက်နိုင်မှုမရှိပါ၊

(ခ) **မြို့နယ်/ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးမှုအတွက် ထောက်အကူဖြစ်/မဖြစ် ၊**

မြို့နယ်/ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးမှုအတွက် ထောက်အကူဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာနိုင်ပါသည်၊

(ဂ) **ဖော်ပြပါနေရာအား အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိ / မရှိ ၊**

လုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါသည်၊

(ဃ) **လုပ်ငန်းဆောင်ရွက်မည့် မြေနေရာဟုတ် / မဟုတ် ၊**

လုပ်ငန်းဆောင်ရွက်မြေနေရာသည် မင်းဘူးခရိုင်၊ စကုမြို့နယ်၊ ဓီးအိုင်ကျေးရွာအတွင်း မင်းဘူးမြို့နယ်မှ အနောက်ဘက် (၁.၄) မိုင်အကွာ မင်းဘူး-အမ်းကားလမ်း၏ မြောက်ဘက်(၁)မိုင်နှင့် (၃)ဖာလုံအကွာတွင်ရှိသည့် ဧရိယာ (၈၀၀)ဧကကျယ်ဝန်းသောမြေနေရာဖြစ်ပါသည်။

၂။ GEP (Myanmar) Co., Ltd. မှ မင်းဘူးခရိုင်၊ မင်းဘူး (စကု) ဒေသတွင် ၂၂၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခွင့်ပြုရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ညှိနှိုင်းချက်နှင့် ပတ်သက်ပြီး (၂၂.၁၂.၂၀၁၆) ရက်နေ့တွင်ကျင်းပပြုလုပ်သည့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄၇/၂၀၁၆)၊ ဆုံးဖြတ်ချက်အပိုဒ် (၃၄) အရ ကန့်ကွက်ရန်မရှိကြောင်း ဆုံးဖြတ်ထားရှိပါသဖြင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန် ပေးပို့ပါသည်။

၂၃.၁၂.၂၀၁၆

ဝန်ကြီးချုပ် (ကိုယ်စား)
မြင့်ဇော်
သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီး

မိတ္တူကို

လှည့်လည်စာတွဲ
ရုံးလက်ခံ

နောက်ဆက်တွဲ(ခ)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်

စာအမှတ်၊ အက်ဖ်အီး - ၃၉/ ၇၀
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၁၆.၁၂.၂၀၁၆) ရက်စွဲပါ စာအမှတ်၊ မရက-၅(လ)/န-၀၀၃/၂၀၁၆(၅၆၇)

Green Earth Power (Myanmar) Co., Ltd သည် ထိုင်းနိုင်ငံ Greeen Earth Power (Thailand) Co., Ltd က တည်ထောင်ထားသည့် ၁၀၀% နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီဖြစ်ပြီး မကွေးတိုင်း၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၊ မင်းလှကျင်းကျေးရွာအုပ်စု၊ ခုတ်ကြီးကွင်း၊ ကွင်းအမှတ်(၁၂၇၃)ရှိ မြေ ၇၀၀ ဧကတွင် (၂၂၀) မဂ္ဂါဝပ်နေစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အားပေးထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် Krung Thai Bank Public Com., Ltd နှင့် Export-Import Bank of Thailand ( EXIM Thailand) တို့ထံမှ ချေးငွေအမေရိကန်ဒေါ်လာ (၄၈) သန်း ချေးယူရန် တင်ပြလာခြင်းအပေါ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က သဘောထား မှတ်ချက် တောင်းခံလာခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ပြန်ကြားအပ်ပါသည်-

"Green Earth Power (Myanmar) Co., Ltd အနေဖြင့် Equity အဖြစ် ယူဆောင်လာမည့် အမေရိကန်ဒေါ်လာ (၈၇.၉၅) သန်းအနက် Equity Brought-in မှာ အမေရိကန်ဒေါ်လာ (၃.၃၆၅) သန်းသာ ရှိသဖြင့် Equity တိုးမြှင့်ပြီးမှသာ ချေးငွေအား ပြန်လည်လျှောက်ထားရန် ဖြစ်ပါသည်"

ဒုတိယဥက္ကဋ္ဌ ( ကိုယ်စား )
( ဝင်းသော် ၊ ညွှန်ကြားရေးမှူးချုပ် )

မိတ္တူကို
ဥက္ကဋ္ဌရုံး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ဒုတိယဥက္ကဋ္ဌ(၁)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်
Green Earth Power (Myanmar) Co., Ltd
ရုံးလက်ခံ/ မျှောစာတွဲ